KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်နေ့ / KHRG မှတ်တမ်းလွှာအမှတ် # 22-14-I1

---

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ: ဘူးသိုမြို့နယ်အတွင်း မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦးသေဆုံး (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၌ မူတြော် (ဖာပွန်) ခရိုင်၊ ဘူးသိုမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကိုဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့ ညနေ ၂း၅၅ မိနစ်ခန့်တွင် မယ်ကလောကျေးရွာအုပ်စုတွင်နေထိုင်သော ရွာသားတစ်ဦးသည် ၎င်းကျေးရွာ၏အပြင်ဖက်တွင်မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိကာ ပေါက်ကွဲမှုကြောင့် ပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့သည်။ ဒေသခံရွာသားများအား ရွာ၏အနီးအနားရှိနေရာများ၌ မြေမြှုပ်မိုင်းများအများအပြားတည်ရှိနေမှုကို သတိပေးထားခြင်းခံရသော်လည်း မြေမြှုပ်မိုင်းတတ်နင်းမိသူအနေဖြင့် အနီးအနားရှိတောထဲသွား၍ ၎င်း၏မိသားစု အသက်မွေးဝမ်းကျောင်းအတွက် အစားအစာရှာဖွေရန်လိုအပ်ခဲ့ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားပြီးသည့်နောက် ၎င်းအား ဖာပွန်မြို့ရှိ **နိုင်ငံတော်စီမံအုပ်ချုပ်ရေး (SAC)** စစ်ဗျူဟာဆေးရုံကို ဆေးဝါးကုသမှုခံယူရန်အတွက် ပို့ဆောင်ခဲ့ကြသော်လည်း ဆေးရုံတွင်ရောက်ရှိသွားပြီးသည့်နောက်ပိုင်း ကွယ်လွန်သွားခဲ့ပါသည်။*[1]

---

## <u>အပိုင်း ၁- မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ</u>

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ မ--- ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| **အမည်** | စော ဟ--- |
| **အသက်** | ၅၅ |

[1] ဤအစီရင်ခံစာသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြောင်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| | |
|---|---|
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | နေ့စားအလုပ်သမား |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ မ--- ကျေးရွာ |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏သတင်းမှတ်တမ်းပြုစုသူတစ်ဦးမှ မ--- ရွာသားတစ်ဦးကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းပြီး မြေမြှုပ်မိုင်းဖြစ်စဉ်ကို မှတ်တမ်းပြုစုခဲ့ပါသည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| မြေမြှုပ်မိုင်းဖြစ်စဉ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်ပေးသူမှာ မ--- ကျေးရွာတွင်နေထိုင်ပြီး ထိခိုက်ဒဏ်ရာရရှိသူအား ရွာသို့ပြန်ပို့ပေးခဲ့သူဖြစ်ပြီး ဖာပွန်မြို့ရှိဆေးရုံသို့လိုက်ပို့ပေးခဲ့သူဖြစ်ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|
| ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ မ--- ကျေးရွာတွင်နေထိုင်သော အသက် ၅၅နှစ်အရွယ်ရှိ စောဟ--- သည် ၎င်းရွာ၏အနီးအနားရှိ တောထဲတွင် ကြောင်လျှာသီးခူးရောင်းချရန်အတွက် သွားခဲ့ပါသည်။ ၎င်းမှ ကြောင်လျှာသီးရောင်း၍ ရလာသည့်ဝင်ငွေအား မိသားစုအတွက် ဆန်ဝယ်ယူရန်အသုံးပြုမည်ဖြစ်ပါသည်။ ထိုနေ့တွင် တောထဲသို့ သုံးကြိမ်သွားရောက်ခဲ့ပြီး ကြောင်လျှာသီးရှာခဲ့ပါသည်။ ၎င်းမှ တောထဲသို့ သုံးကြိမ်မြောက်သွားချိန်ဖြစ်သည့် ညနေ ၂း၅၅ မိနစ်ခန့်တွင် မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိခဲ့ပါသည်။<br><br>မြေမြှုပ်မိုင်းပေါက်ကွဲပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းမှ ကျယ်လောင်စွာအကူအညီအော်တောင်းခဲ့ပါသည်။ မ--- |

ကျေးရွာရှိရွာသားများသည် အမျိုးသားတစ်ဦး၏ အော်ခေါ်သံကိုကြားသည်နှင့် အခင်းဖြစ်ပွားရာနေရာသို့ ၎င်းအားသွားရှာခဲ့ကြပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင်း ၎င်းမှ ခြေထောက်နှစ်ဖက်လုံးတွင်ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပါသည်။ ရွာသားများမှ ၎င်းအား ပထမဦးစွာ အိမ်သို့ပို့ဆောင်ခဲ့ကြသည်။ ထို့နောက် ရွာသားများမှ ၎င်းအားကားဖြင့် ဖာပွန်မြို့ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး (SAC) စစ်ဗျူဟာ (ကုတင် ၁၀၀) ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ဆေးရုံတွင်ရောက်ရှိသွားပြီး ဆေးကုသမှုမခံယူမှီ ၎င်းသည် ကွယ်လွန်သွားပါသည်။

အခင်းဖြစ်ပွားမှုမတိုင်မှီ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ မ--- ကျေးရွာရှိ ရွာသားများအား မြေမြှုပ်မိုင်းအများအပြားတည်ရှိမှုနှင့်ပတ်သက်၍ ကြိုတင်သတိပေးပြီးသားဖြစ်ပါသည်။ SAC ၏ ခြေမြန်တပ်ရင်းအမှတ် (၄၃၄) မှလည်း မြေမြှုပ်မိုင်းအများအပြားတည်ရှိမှုကြောင့် ရွာသွားများအားကျေးရွာအပြင်ဖက်မထွက်ရန် သတိပေးထားပါသည်။ သို့သော်လည်း မြေမြှုပ်မိုင်းများ မည်သည့်နေရာ၌ထောင်ထားသောနေရာများကိုဖော်ပြထားသည့် တိကျသည့် အမှတ်အသား သို့မဟုတ် သင်္ကေတများမရှိပါ။ မ--- ကျေးရွာရှိရွာသားများသည် KNLA မှပေါက်ကွဲသွားသည့်မြေမြှုပ်မိုင်းတစ်လုံးအား ထောင်ထားခြင်းဖြစ်ကြောင်းယုံကြည်ကြသည်။

မ--- ကျေးရွာတွင်နေထိုင်ကြသောရွာသားများသည် မြေမြှုပ်မိုင်းအန္တရာယ်အသိပေးသင်တန်းအား ၎င်းတို့၏ကျေးရွာတွင်လာရောက်ပို့ချပေးခြင်းမရှိသောကြောင့် တစ်ကြိမ်မျှမတက်ဖူးကြပါ။ ထို့အပြင် ရွာသားများအနေဖြင့် မြေမြှုပ်မိုင်းအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာနည်းပါးကြပါသည်။ ရွာသားများသည် ကျေးရွာ၏အနီးအနားတွင် အသက်မွေးဝမ်းကျောင်းအတွက် စားစရာများလိုက်လံရှာဖွေစားသောက်ရသောကြောင့် ၎င်းတို့အတွက် မြေမြှုပ်မိုင်းအန္တရာယ်အလွန်ရှိပါသည်။

မြေမြှုပ်မိုင်းထိမှန်၍ကွယ်လွန်သွားသူအမျိုးသားမှ ၎င်း၏ဇနီးနှင့် အသက် ၁၅နှစ်အရွယ်ရှိတစ်ဦး ကျန်ရစ်ခဲ့ပါသည်။ ခရီးသွားလာရန်နှင့် အလုပ်အကိုင်ရှာဖွေရန်ခက်ခဲသဖြင့် ထိုမိသားစုသည် အသက်မွေးဝမ်းကျောင်းအတွက် ဝင်ငွေရှာရန်အခက်အခဲကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မြေမြှုပ်မိုင်းထိမှန်၍ ကွယ်လွန်သွားသူ၏ ကျန်ရစ်ခဲ့သော မိသားစုဝင်များကို လက်ရှိ မည်သည့်အဖွဲ့အစည်းမှ ကူညီထောက်ပံ့ပေးခြင်းမရှိသေးပါ။

မ--- ကျေးရွာရှိ ရွာသားများမှ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်းတို့၏ အိမ်မွေးတိရိစ္ဆာန်များ သေဆုံးသွားကြကြောင်း ပြောပြကြသည်။ ဖာပွန်-ကမာမောင်းကားလမ်းတစ်လျှောက် တိုက်ပွဲနှင့် ပစ်ခတ်မှုများ များပြားလာခြင်းကြောင့် ထိုနေရာဒေသတွင် ရွာသားများခရီးသွားလာရန်အတွက် ကြောက်ရွံ့မှုပိုမိုတိုးများလာပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| ဤသတင်းအချက်အလက်ပေးသူမှ KHRG ကို သတင်းအချက်အလက်များအား အသုံးပြုရန် ခွင့်ပြုချက်ပေးထားပါသည်။ |






ဤပုံနှစ်ပုံကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့တွင်ရိုက်ယူခဲ့ပါသည်။ ဘက်ဖက်၌ရှိသောပုံကို မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော ကျေးရွာအုပ်စု၊ မ--- ကျေးရွာတွင်ရိုက်ယူခဲ့ပြီး စောဟ--- မှ ၎င်းမိသားစု၏ အသက်မွေးဝမ်းကျောင်းအတွက် ကြောင်လျှာသီးသွား ရောက်ခူးယူစဉ် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ပြင်းထန်စွာဒဏ်ရာရရှိသွားသောပုံဖြစ်သည်။ ညာဖက်တွင်ရှိသောပုံကို ဖာပွန်မြို့တွင် ရိုက်ယူခဲ့ပြီး မြေမြှုပ်မိုင်းထိမှန်ဒဏ်ရာရသူမှ SAC စစ်ဗျူဟာဆေးရုံသို့ရောက်ရှိသွားပြီးနောက် ကွယ်လွန်သွားသည့်ပုံဖြစ်ပါသည်။ *[ဓာတ်ပုံ -ဒေသခံရွာသား]*

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)သည် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင် လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက် ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင် ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများ ကိုဖော်ပြပေးသော အစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ ၏လုပ်ငန်းများကို ပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာ နိုင်ပါသည်။

# Mutraw (Hpapun)District




KHRG